
# ဒေသခံများအတွက် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်

(၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်)

**MPRL E&P Pte Ltd.**



မန်းရေနံမြေမှ

အကြံပြုဆွေးနွေးခြင်းဖြစ်စဉ်များမှတ်တမ်း

# မာတိကာ


၀၁ | ရည်ရွယ်ချက်

၀၂ | နယ်ပယ်သတ်မှတ်ချက်

၀၃ | ဥပဒေနှင့် နိုင်ငံတကာစံနှုန်းများကို လိုက်နာဆောင်ရွက်ခြင်း

၀၄ | နောက်ခံအကြောင်းအရာ

၀၅ | ဆွေးနွေးတင်ပြနိုင်မည့်နည်းလမ်းများ

၀၆ | အချိန်ကာလသတ်မှတ်ချက်

၀၇ | အများပြည်သူသိရှိနိုင်ရေးဆောင်ရွက်မှု

၀၈ | အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၊ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ

၀၉ | ဖြစ်နိုင်ချေရှိသည့်ရလဒ်များနှင့် ကုစားမှုများ

၁၀ | အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ အချက်အလက်များ

၁၁ | လိုက်လျောညီထွေဖြစ်မှု၊ ခံနိုင်ရည်ရှိမှု၊ ဆက်လက်တည်တံ့မှုတို့နှင့်အတူ ဆယ်နှစ်ပြည့်မှသည် အနာဂတ်ခရီးဆီသို့

၁၂ | မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ အချိန်ကာလအလိုက် ဖြစ်စဉ်




# ၀၁ ရည်ရွယ်ချက်

မန်းရေနံမြေတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်အတူ ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီအနေဖြင့် မိမိတို့၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသက်ရောက်မှုများကို ဖော်ထုတ်တင်ပြနိုင်ရန် မန်းရေနံမြေရှိ ထိစပ်ကျေးရွာ (၁၄) ရွာနေ ဒေသခံများအတွက် သီးသန့်သတ်မှတ်ပုံဖော်ရေးဆွဲထားသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို အကျိုးများသည့် အောက်ပါအခြေခံသဘောတရားများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်-

| | | |
|---|---|---|
| ထိန်းသိမ်းဆောင်ရွက်မှု | - | မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးလိုသည်များကို လုံခြုံစိတ်ချရသည့်နည်းလမ်းဖြင့် လက်ခံရယူခြင်း |
| လွယ်လင့်တကူတင်ပြနိုင်မှု | - | လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများအတွက် MPRL E&P နှင့်အတူ ပူးပေါင်း၍ ထိခိုက်နစ်နာမှုနှင့် စိုးရိမ်မှုများ ဖော်ထုတ်ဖြေရှင်းနိုင်မည့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုထားရှိခြင်း |
| သမာသမတ်ကျစွာဆောင်ရွက်မှု | - | အကြံပြုတင်ပြသူ၏အမြင်များကိုအစဉ်လေးစားပြီး ခွဲခြားဆက်ဆံမှုမရှိခြင်း |
| ပွင့်လင်းမြင်သာမှု | - | တင်ပြလာသည့်အကြံပြုဆွေးနွေးမှုများကို သက်ဆိုင်ရာလုပ်ငန်း ဆက်စပ်လုပ်ကိုင်သူများ၏ ပါဝင်ဆောင်ရွက်မှုဖြင့် အချိန်နှင့်တပြေးညီ အလေးထားဖြေရှင်းဆောင်ရွက်ခြင်း |



- တရားဝင်ဖြစ်ခြင်း
- လွယ်လင့်တကူအသုံးပြုခွင့်ရခြင်း
- ကြိုတင်ခန့်မှန်းနိုင်ခြင်း
- သာတူညီမျှဖြစ်ခြင်း
- ပွင့်လင်းမြင်သာမှုရှိခြင်း
- လူ့အခွင့်အရေးနှင့်အညီဖြစ်ခြင်း
- စဉ်ဆက်မပြတ်သင်ယူနိုင်သည့် အခြေခံအကြောင်းရင်းဖြစ်ခြင်း

လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများပါဝင်သည့် ဖြေရှင်းရေးနည်းလမ်းတစ်ခုဖြစ်သည့်အတွက် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ၏ အကြံပြုတင်ပြလိုသည့် စိုးရိမ်မှုနှင့်ပြဿနာများကို ရေရှည်တည်တံ့သော ဖြေရှင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် လျှင်မြန်ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။ သို့ဖြစ်၍ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သက်ရောက်မှုများနှင့် အန္တရာယ်ဖြစ်နိုင်ချေများကို စောလျှင်စွာ သတ်မှတ်ဖော်ထုတ်ခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်းတို့အတွက် ထိရောက်သောလုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါသည်။

မန်းရေနံမြေ အထွက်တိုးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု၏အခန်းကဏ္ဍတစ်ရပ်အနေဖြင့် စီမံကိန်းအတွက် သီးသန့်ပုံဖော်ထားသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်တွင် လုပ်ငန်းဆိုင်ရာသက်ရောက်မှုများခံစားရသည့် ဒေသခံများနှင့် လုပ်ငန်းဆက်စပ် လုပ်ကိုင်သူများ၏ စိုးရိမ်မှုများနှင့်အကြံ ပြုဆွေးနွေးချက်များကို လက်ခံရယူရန်၊ မှတ်ပုံတင်စာရင်းသွင်းရန်၊ ဖြေရှင်းဆောင်ရွက်ရန်နှင့် အစီရင်ခံတင်ပြန်ရန်လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါသည်။ အကြံပြုဆွေးနွေးချက်များကို ပြန်လည်ဖြေရှင်းဆောင်ရွက်ရာတွင်လည်း နိုင်ငံ၏အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစနစ်များနှင့် သက်ဆိုင်ခြင်းမရှိပါ။



ဦးစည်သူမိုးမြင့်
Chief Operating Officer (COO) & Executive Director
MPRL E&P Pte Ltd.

*"ဒေသခံတွေအနေနဲ့ ကျွန်တော်တို့လုပ်ငန်းဆောင်ရွက်ချက်တွေကြောင့် ကြုံတွေ့ရတဲ့ ဒုက္ခတွေပဲဖြစ်ဖြစ်၊ နစ်နာမှုတွေပဲဖြစ်ဖြစ် တင်ပြမယ်ဆိုရင် တင်ပြနိုင်တဲ့နည်းလမ်းသုံးခု ရှိပါတယ်။ ပထမနည်းလမ်းကတော့ ဒီနစ်နာမှုကို ကျေးရွာ (၁၄) ရွာမှာထားရှိတဲ့ စာတိုက်ပုံးတွေကနေတဆင့် တရားဝင်စာတင်ပြီး တင်ပြတဲ့နည်းလမ်း ဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ ဒီဒေသခံတွေအနေနဲ့ ဖုန်းနဲ့တိုက်ရိုက်ဆက်သွယ်ပြီး ဒီနစ်နာမှုကို တင်ပြလို့ရတဲ့နည်းလမ်း ဖြစ်ပါတယ်။ တတိယနည်းလမ်းကတော့ ကျေးရွာ (၁၄) ရွာမှာ ရှိတဲ့ စေတနာ့ဝန်ထမ်းတွေကနေတဆင့် တင်ပြလို့ရတဲ့နည်းလမ်း ဖြစ်ပါတယ်။"*

## ၀၂ နယ်ပယ်သတ်မှတ်ချက်

မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ချက်များ၊ သက်ရောက်မှုများနှင့်သက်ဆိုင်သည့် အကြံပြုချက်များကို စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ တင်ပြလာပါက အကြံပြုစာတင်ပြမှုအဖြစ် သတ်မှတ်ပါသည်။ အဆိုပါအကြံပြုစာတွင် မန်းရေနံမြေနှင့် ဆက်စပ်သည့်အဖြစ်အပျက် သို့မဟုတ် အကြောင်းအရာကို ရည်ညွှန်း၍ မန်းရေနံမြေပတ်ဝန်းကျင်တွင်နေထိုင်ကြသည့် လူမှုအသိုက်အဝန်းမှ ဒေသခံအစုအဖွဲ့ သို့မဟုတ် ဒေသခံတစ်ဦး ကိုယ်စား ကိုယ်စားလှယ်တစ်ဦးအနေဖြင့်လည်းကောင်း၊ အစုအဖွဲ့အနေဖြင့်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း တင်ပြချက်များအထိ အကျုံးဝင်ပါသည်။

မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မိတ်ဖက်အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများကိုကုစားရန်နှင့် အကြံပြုတင်ပြချက်အားလုံးကို စိစစ်ရန်အတွက် ဒေသခံများကိုယ်တိုင်ပါဝင်သည့် စီမံကိန်း

ဆိုင်ရာသက်ဆိုင်သူများနှင့် အနီးကပ်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့တွင် အောက်ပါလုပ်ငန်းများ အားလုံး အကျုံးဝင်ပါသည်-

- ပိုက်လိုင်းဟောင်းများကို ဖယ်ရှား/ မြှုပ်နှံ/ ပြုပြင်ခြင်း
- မီးဘေးအန္တရာယ်/ လျှပ်စစ်အန္တရာယ်
- ရေပိုက်လိုင်း/ ရေအရင်းအမြစ် ပြုပြင်ခြင်း
- အသုံးမပြုသော ရေဆိုးကန်များပြန်လည်မြေဖို့ခြင်း/ အသစ်တူးခြင်းကို ရပ်ဆိုင်းခြင်း
- တွင်းဟောင်း/ မြေဟောင်းများပြန်လည်မြေဖို့ခြင်း
- တံတား/ ကားလမ်း ပြုပြင်ခြင်း။
- ယာယီပိတ်ထားသောရေနံတွင်းများကို ဖယ်ရှားခြင်း
- သီးနှံလျော်ကြေး
- မြေယာလျော်ကြေး/ မြေအသုံးပြုခြင်း
- အလုပ်အကိုင်

ထို့အပြင် မိမိတို့လုပ်ငန်းဆောင်ရွက်ချက်များနှင့်ဆက်စပ်သည့် အသေးစားဖြစ်ရပ်များကို ကြိုတင်ခန့်မှန်းပြီး သတိပြုတုံ့ပြန်ဆောင်ရွက်ကာ တတ်နိုင်သမျှ စောလျှင်စွာ ပြန်လည်ဖြေလျှော့ကုစားနိုင်ရေးအတွက် ထိခိုက်နစ်နာသူ (သို့) အကြံပြုတင်ပြသူများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## ၀၃ ဥပဒေနှင့်နိုင်ငံတကာစံနှုန်းများကို လိုက်နာဆောင်ရွက်ခြင်း

MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် တရားစီရင်ရေးနှင့်မသက်ဆိုင်သော ပုဂ္ဂလိကဆိုင်ရာလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းစဉ်ကို နိုင်ငံတကာစံနှုန်းများ၊ ကုမ္ပဏီဆိုင်ရာမူဝါဒများ၊ စီမံကိန်းအထူးပြုစာရွက်စာတမ်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### စီမံကိန်းအထူးပြုစာရွက်စာတမ်းများ

- မန်းရေနံမြေ၏ သဘာဝပတ်ဝန်းကျင်အကျိုးဆက်ဆန်းစစ်ချက်ဆိုင်ရာအစီရင်ခံစာ (Environmental Impact Assessment (EIA) Report)
- မန်းရေနံမြေ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate-ECC)

### ကုမ္ပဏီ၏မူဝါဒများ

- MPRL E&P ၏ လူ့အခွင့်အရေးဆိုင်ရာ ထုတ်ပြန်ချက်နှင့် မူဝါဒ
- MPRL E&P ၏ လူမှုတာဝန်သိလုပ်ငန်းဆိုင်ရာ မူဝါဒ
- MPRL E&P ၏ အဖွဲ့အစည်းဆိုင်ရာကျင့်ထုံး

UNITED NATIONS

IFC

## နိုင်ငံတကာစံနှုန်းနှင့်လိုအပ်ချက်များ

- **ကုလသမဂ္ဂ၏ လမ်းညွှန်ချက်များ (UNGPs)**

“စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုကြောင့် ထိခိုက်နိုင်ခြေရှိသည့် တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းများအတွက် ၎င်းတို့၏မကျေလည်မှုများကို စောစီးစွာကိုင်တွယ်ဖြေရှင်းပြီး ကုစားမှုများ တစ်ပြိုင်တည်းဆောင်ရွက်နိုင်မည့် ထိရောက်သည့် နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကို တည်ထောင်ပြီး ပါဝင်ဆောင်ရွက်သင့်သည်။”

- **နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ စွမ်းဆောင်ရည်ဆိုင်ရာစံနှုန်းများ**

“လုပ်ငန်းဆောင်ရွက်မှုကြောင့် သက်ရောက်မှုရှိသည့် လူ့အဖွဲ့အစည်းရှိပါက အဆိုပါ လူ့အဖွဲ့အစည်း၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများတွင် စိုးရိမ်မှုနှင့်နစ်နာမှုများကို ညှိနှိုင်းဖြေရှင်းရန်နှင့် လက်ခံဆောင်ရွက်နိုင်ရန် နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်တစ်ခု တည်ထောင်ရပါမည်။ ယင်းလုပ်ငန်းစဉ်တွင် စီမံကိန်းဆိုင်ရာ သက်ရောက်မှုနှင့် အန္တရာယ်ဖြစ်နိုင်ခြေတို့ကိုပါ တိုင်းတာသင့်ပြီး ထိခိုက်ခံလူ့အဖွဲ့အစည်းကို အဆိုပါလုပ်ငန်းစဉ်အား အဓိက အသုံးပြုသူအဖြစ် သတ်မှတ်သင့်ပါသည်။”



**Ms. Vicky Bowman**

Director, Myanmar Centre for Responsible Business (MCRB);
Senior Advisor, IHRB

*“ MPRL E&P ရဲ့ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်က တကယ့်ကို တီထွင်ဆန်းသစ်ပြီး စီးပွားရေးနဲ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်ချက်အခြေခံမှုအရ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကို အခြေခံဆောင်ရွက်ခဲ့တဲ့ ပထမဆုံးမြန်မာကုမ္ပဏီတစ်ခုလည်းဖြစ်ပါတယ်။ နောက်တစ်ခု တီထွင်ဆန်းသစ်မှုက ကျေးရွာတွေမှာ လက်ရှိနေထိုင်ကြတဲ့ ဒေသခံစေတနာ့ဝန်ထမ်းတွေကိုအသုံးပြုထားတာကြောင့် ကုမ္ပဏီက တစ်စုံတစ်ယောက်က တိုက်ရိုက်ရောက်လာတာမျိုး မဖြစ်နိုင်တော့ဘဲ ဒေသခံတွေရဲ့ ယုံကြည်မှုကို ရရှိတာလည်းဖြစ်ပါတယ်။ ”*

# ၀၄ နောက်ခံအကြောင်းအရာ

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (OGM) သည် လူ့အခွင့်အရေးကို လေးစားမြှင့်တင်ရာတွင် MPRL E&P ၏ တာဝန်ခံမှုဆိုင်ရာမူဘောင်၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တစ်သီးပုဂ္ဂလအတိုင်ပင်ခံဖြင့် ကုမ္ပဏီ၏ အကာအကွယ်ဆိုင်ရာမူဝါဒများကို လေ့လာပြီးနောက် ပထမဆုံးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ မန်းရေနံမြေ၏ လူမှုတာဝန်သိလုပ်ငန်းအစီအစဉ်တွင် ဖြည့်သွင်းဆောင်ရွက်သည့်လုပ်ငန်းစဉ်တစ်ခုအဖြစ် ပုံဖော်ကျင့်သုံးခဲ့သည်။

ထိုအချိန်မှစ၍ စိုးရိမ်မှုများမှာ အမှန်တကယ်ဖြစ်စေ၊ အကြံပြုတင်ပြလာခြင်းကြောင့်ဖြစ်စေ ဒေသခံများ၏အကြံပြုချက်များကို လက်ခံစာရင်းသွင်းနိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို မထိခိုက်ဘဲ အကြံပြုတင်ပြချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ တညီတညွတ်တည်း ထောက်ခံခဲ့သည့် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်ချက်များ (United Nations Guiding Principles on Business and Human Rights-UNGPs) တွင် လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကို အဓိကဖော်ပြထားပါသည်။ MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများအတွက် ထိခိုက်နစ်နာမှုများကို စောလျှင်စွာ ပြန်လည်ကုစားနိုင်ရန် ပုဂ္ဂလိကကုမ္ပဏီများအား အကောင်အထည်ဖော်ရန်တောင်းဆိုထားသည့် ကုလသမဂ္ဂ၏ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်အမှတ် (၂၉) (UNGP 29) ကို လေးစားလိုက်နာဆောင်ရွက်ခြင်းလည်းဖြစ်ပါသည်။

ထို့အပြင် MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း၏ စွမ်းဆောင်ရည်ဆိုင်ရာစံနှုန်းများ (IFC PS) ကို ထင်ဟပ်သည့်ဒီဇိုင်းဖြင့် ပုံဖော်ထားပြီး လုပ်ငန်းဆောင်ရွက်ချက်ကြောင့်ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာထိခိုက်မှုများကို စောင့်ကြည့်လေ့လာကာ စနစ်တကျခြုံငုံသုံးသပ်ပြီး ထိရောက်စွာဖြေရှင်းဆောင်ရွက်နိုင်ရန် ဒေသခံလူအဖွဲ့အစည်းကို ဖော်ထုတ်တင်ပြနိုင်ခွင့် ရရှိစေခြင်းလည်းဖြစ်ပါသည်။




## ၀၅ ဆွေးနွေးတင်ပြနိုင်မည့်နည်းလမ်းများ

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို အသုံးပြုနိုင်ရန်နည်းလမ်းများအနေဖြင့် လုပ်ငန်းစဉ်စတင်လည်ပတ်သည့်အချိန်ကတည်းက ဒေသခံလူ့အဖွဲ့အစည်းအတွင်း ကျယ်ကျယ်ပြန့်ပြန့်နားလည်သိရှိနိုင်ရန် ဆောင်ရွက်ခဲ့သည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ လက်ကမ်းစာစောင်များကို မြန်မာဘာသာဖြင့်ရေးသားထုတ်ဝေခဲ့ပြီး မန်းရေနံမြေဒေသခံများထံ ဖြန့်ဝေခဲ့သည်။ အဆိုပါလက်ကမ်းစာစောင်တွင် လုပ်ငန်းဆောင်ရွက်မှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှု အမျိုးအစားများ၊ အကြံပြုတင်ပြလိုသည့်ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ပြေလည်မှုရရှိစေမည့် အကြံပြုဆွေးနွေးတင်ပြပုံအဆင့်ဆင့်နှင့် အကြံပြုစာတင်ပြနိုင်မည့် တာဝန်ရှိသူများနှင့် ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်တို့ကိုပါ ထည့်သွင်းဖော်ပြထားသည်။ လုပ်ငန်းစဉ်အသုံးပြု၍ အကြံပြုတင်ပြလာပါက အညိုးအတေးထား၍ လက်စားချေခြင်းများမပါဝင်ဘဲ အကြံပြုစာများကို အခမဲ့စာရင်းသွင်း တင်ပြနိုင်မည်ဖြစ်ပါသည်။

ဒေသခံလူ့အဖွဲ့အစည်းအတွင်း မည့်သည့်နေရာတွင်မဆို ဖြစ်ပေါ်လာနိုင်သည့် စိုးရိမ်မှုနှင့်နစ်နာမှုများကို အကြံပြုတင်ပြလိုပါက မည်သူမဆို အကြောင်းကြားတင်ပြနိုင်မည်ဖြစ်ပြီး ယင်းသို့ တင်ပြရာတွင်–

| | | |
|---|---|---|
| • ကျေးရွာတိုင်းတွင် ထားရှိပြီးဖြစ်သည့် အကြံပြုစာပုံးများမှတဆင့် ရေးသားတင်ပြနိုင်ခြင်း | • ကျေးရွာတိုင်းရှိ ဒေသခံစေတနာ့ဝန်ထမ်းများထံ တိုက်ရိုက်ပြောဆိုတင်ပြနိုင်ခြင်း (သို့မဟုတ်) | • ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များ (သို့မဟုတ်) CSR ဝန်ထမ်းများထံသို့ ဖုန်းဆက်တင်ပြနိုင်ခြင်း |




ထို့အပြင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ရပ်ရွာအတွင်း တွေ့ဆုံဆွေးနွေးမှုများ၊ မန်းရေနံမြေရှိ CSR လုပ်ငန်းအဖွဲ့ရုံးနှင့် ကုမ္ပဏီ၏ဝက်ဘ်ဆိုဒ်တွင် ပုံမှန်အသိပေးထုတ်ပြန်လေ့ရှိပါသည်။

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အကြံပြုစာပေးပို့တင်ပြမှုနှင့် အစီရင်ခံစာများကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြင်ဆင်ရေးသားကာ သက်ဆိုင်ရာ ဝက်ဘ်ဆိုဒ်စာမျက်နှာနှင့် ရုံးချုပ်တို့တွင် တင်ပြထားရှိပါသည်။ စွမ်းဆောင်ရည်အခြေပြု ချီးမြှင့်သည့်စနစ်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများထံမှတဆင့် ပထမဦးဆုံး ဆက်သွယ်တင်ပြနိုင်ရန် စီစဉ်ထားရှိသည့်အတွက် ဒေသခံများ၏အကြံပြုစာများစွာကိုလည်း လက်ခံရရှိနိုင်မည်ဖြစ်ပါသည်။

## ၀၆ အချိန်ကာလသတ်မှတ်ချက်

အကြံပြုချက်များအားလုံးကို လျှို့ဝှက်ထားရှိပြီး ညှိနှိုင်းပြောဆိုတင်ပြနိုင်မည့် အခြေအနေအဖြစ် ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အကြံပြုစာ စတင်တင်ပြချိန်မှ ပိတ်သိမ်းချိန်အထိ လုပ်ငန်းစဉ်တစ်ခုလုံးအတွက် ဦးစွာပထမ (၂၄) နာရီမှ အများဆုံး ရက် (၃၀) အထိ ကြာနိုင်ပြီး အကြံပြုစာတင်ပြမှုတွင် သက်ဆိုင်သူများ၏ပူးပေါင်းပါဝင်နိုင်ရန်နှင့် အသေးစိတ် စုံစမ်းစစ်ဆေးရန် လိုအပ်သည့်ကိစ္စရပ်များနည်းပါးသော်လည်း လုပ်ငန်းလုပ်ကိုင်ရာဒေသအတွင်း အဆိုပါကိစ္စရပ်များရှိလာပါက ရက် (၃၀) အတွင်း ဖြေရှင်းဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

ယေဘုယျအားဖြင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် အောက်ပါတို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်–

- အကြံပြုစာ လက်ခံရရှိကြောင်းကို အလုပ်ချိန် (၁) ရက်မှ (၃) ရက်အတွင်း အသိအမှတ်ပြုခြင်း
- အကြံပြုစာတင်ပြပြီး (၂) ပတ်အတွင်း အကြောင်းပြန်ကြားခြင်း
- ရက်ပေါင်း (၃၀) အတွင်း အကြံပြုစာကို ဖြေရှင်းပိတ်သိမ်းခြင်း
- လုပ်ငန်းစဉ်နှင့် ဖြေရှင်းမှုရလဒ်များအပေါ် အကြံပြုတင်ပြသူ၏ကျေနပ်မှု ၅၀% ရရှိအောင် ဆောင်ရွက်ရန် သတ်မှတ်ထားရှိခြင်း



# ၀၇ အများပြည်သူသိရှိနိုင်ရေးဆောင်ရွက်မှု

အကြံပြုစာများကိုင်တွယ်ဖြေရှင်းပုံ၊ ကုမ္ပဏီအနေဖြင့် ဆောင်ရွက်နိုင်ခြင်းရှိသည့် ကိစ္စရပ်များ၊ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များ၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းအဆင့်ဆင့်နှင့် အချိန်ကာလသတ်မှတ်ချက်တို့ကို မန်းရေနံမြေရှိ ဒေသခံလူ့အဖွဲ့အစည်းအနေဖြင့် ပိုမိုနားလည်သဘောပေါက်စေရန် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ အသိပညာပေးအစီအစဉ်နှင့် လှုပ်ရှားမှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သတ်မှတ်ကာလအလိုက် ရေးသားထုတ်ဝေထားသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အစီရင်ခံစာများကို ကုမ္ပဏီဝက်ဘ်ဆိုဒ် စာမျက်နှာတွင်တင်ပြထားပြီး လုပ်ငန်းဆက်စပ်











လုပ်ကိုင်သူများနှင့် တွေ့ဆုံဆွေးနွေးချိန်တို့တွင်လည်း အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အကြောင်းကို ထုတ်ဖော်ပြောဆို အသိပေးလျက်ရှိပါသည်။ ထို့ပြင် အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးလှုပ်ရှားမှုများကို သတ်မှတ်ကာလအပိုင်းအခြား အလိုက်ပြုလုပ်လျက်ရှိပြီး ဒေသခံများ၏လုပ်ငန်းစဉ်ဆိုင်ရာ သိရှိနားလည်မှု တိုးတက်လာပုံကို ဆန်းစစ်လေ့လာလျက်ရှိသည်။

MPRL E&P သည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် ပူးပေါင်း၍ မန်းရေနံမြေ၌ အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်တွင် စတင်မိတ်ဆက်ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်တွင် ဆယ်စုနှစ်တစ်စုသို့ ရောက်ရှိခဲ့ပြီဖြစ်၍ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် "ညီညွတ်မှု၊ ပျော်ရွှင်မှုများနှင့် မိသားစုည၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် ဆယ်နှစ်ပြည့် အမှတ်တရ" ဟူသည့် ခေါင်းစဉ်ဖြင့် OGM အသိပညာပေးလှုပ်ရှားမှုအစီအစဉ်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့တွင် မန်းရေနံမြေ၊ အေးမြကျေးရွာ လူထုအခြေပြုဗဟိုဌာနရှေ့၌ ကျင်းပပြုလုပ်ခဲ့ရာ ကလေး (၄၁၅) ဦး အပါအဝင် ဒေသခံ (၇၂၃) ဦး ပါဝင်ဆင်နွှဲခဲ့ပါသည်။

ဤပွဲသည် ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အတွက် နှစ်စဉ်ကျင်းပပြုလုပ်သော အသိပညာပေးလှုပ်ရှားမှု အစီအစဉ်တစ်ခုဖြစ်ပါသည်။ ဤအစီအစဉ်သည် ဒေသခံလူထု၏ အကြံပြုဆွေးနွေးချက်များအပေါ် ကုမ္ပဏီဖက်မှ ကိုင်တွယ်ဖြေရှင်းနည်းများ၊ ပံ့ပိုးနိုင်သည့် အကူအညီများ၊ ဖြေရှင်းနည်းသည့် လုပ်ငန်းစဉ်များနှင့် အချိန်ကာလစသည်တို့ကို ဒေသခံလူထု ပိုမိုသိရှိနားလည်ရန် အသိပညာပေးခြင်းဖြစ်ပါသည်။



ပွဲတက်ရောက်သူများသည် အကျွေးအမွေးအစီအစဉ်များ၊ မျက်နှာဆေးရောင်ခြယ်ခြင်း၊ OGM ကာတွန်းစာအုပ် ဖတ်ရှုခြင်း၊ OGM ပုံပြစာအုပ် ဆေးရောင်ခြယ်ခြင်း၊ မန်းရေနံမြေစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ဝင်များနှင့် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များ၏ အသိပညာမျှဝေခြင်းနှင့် အမေးအဖြေကဏ္ဍ ဆွေးနွေးပွဲများစသည့် အပြန်အလှန်ပူးပေါင်းလှုပ်ရှားမှု အစီအစဉ်များတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ပါသည်။ ထို့ပြင် အေးမြကျေးရွာဒေသခံများ၏ ဧည့်ခံဆင်အကဖြင့် ကပြဖျော်ဖြေခြင်း၊ အွန်လိုင်းအင်္ဂလိပ်စာသင်တန်း တက်ရောက်လျက်ရှိသည့် မန်းရေနံမြေဒေသခံကလေးများ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် ဆယ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုပြဇာတ် သရုပ်ဖော်တင်ဆက်ခြင်း၊ မန်းရေနံမြေဒေသခံများနှင့် Animation ကာတွန်းရုပ်ရှင် အတူတကွကြည့်ရှုသည့် အစီအစဉ်များလည်း ပါဝင်ခဲ့ပါသည်။

MPRL E&P သည် ထိုအောင်မြင်မှုအထိမ်းအမှတ်နှင့် လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် အရေးပါသော ကဏ္ဍမှပါဝင်ခဲ့သည့် ကုမ္ပဏီဝန်ထမ်းများ၊ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စုပေါင်းကြိုးပမ်း အားထုတ်မှုရလဒ်များကို ထင်ဟပ်ဖော်ပြထားသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ဆယ်နှစ်ပြည့်အစီရင်ခံစာ၊ OGM လုပ်ငန်းစဉ်နှင့် လုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုကို ပိုမိုသိရှိနားလည်နိုင်ရန် OGM ကာတွန်းစာအုပ်နှင့် ဆေးရောင်ခြယ်စာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့ပါသည်။ ဤသို့ထုတ်ဝေမှုများသည် MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အကြောင်း ပိုမိုသိရှိနားလည်စေရန်နှင့် ကုမ္ပဏီနှင့် ဒေသခံလူထုအကြား ယုံကြည်မှုတည်ဆောက်ရာတွင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ အရေးပါမှုကို သိသာထင်ရှားစေရန် ဖြစ်ပါသည်။

























## ၀၈ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်းများ၊ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ




ပုံ (၁) အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်

### အဆင့်(၁) အကြံပြုစာလက်ခံခြင်းနှင့် အသိအမှတ်ပြုဆောင်ရွက်ခြင်း

- အကြံပြုစာများကို ဒေသဘာသာစကား (မြန်မာဘာသာ) အသုံးပြု၍ စာဖြင့်ဖြစ်စေ၊ ကျေးရွာစေတနာ့ဝန်ထမ်းမှတဆင့်ဖြစ်စေ၊ ဖုန်းဆက်၍ ဖြစ်စေနည်းလမ်း (၃) ခုဖြင့် ပေးပို့တင်ပြနိုင်ပါသည်။
- အကြံပြုစာတင်ပြလာပါက (၁) ရက်မှ (၃) အတွင်း အဆိုပါတင်မှုကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်ကို အကြံပြုစာတင်ပြသူထံ ပြန်လည်အကြောင်း ပြန်ကြားပါမည်။

### အဆင့်(၂) အကဲဖြတ်ခြင်းနှင့် တာဝန်ချထားဆောင်ရွက်ခြင်း

- အကြံပြုစာရရှိသည်နှင့်တပြိုင်နက် တင်ပြသည့်ကိစ္စရပ်၏ ပြင်းထန်မှုကို အကဲဖြတ်ဆန်းစစ်ပြီး ရေနံမြေ CSR တာဝန်ရှိဝန်ထမ်းများက MPRL E&P ၏ မန်းရေနံမြေစီမံခန့်ခွဲရေးမန်နေဂျာနှင့် MOGE ၏ မန်းရေနံမြေ အထွေထွေမန်နေဂျာတို့ထံ တင်ပြပါမည်။ အဆိုပါကိစ္စရပ်ကို သက်ဆိုင်ရာဌာနများက ကွင်းဆင်းစစ်ဆေးပြီး အသင့်လျော်ဆုံးဖြစ်စေရန် ဆက်လက်ဆောင်ရွက်မည့် တာဝန်ပေးဝန်ထမ်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပါမည်။ ထို့နောက် အကြံပြုစာတင်ပြသူထံ အချိန်နှင့်တပြေးညီ ပြန်လည်အကြောင်းကြားပါမည်။

- ကြီးမားပြင်းထန်မှုရှိသည့်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန်လိုအပ်လာပါ ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ပါမည်။

### အဆင့် (၃) စုံစမ်းစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း

- ရေနံမြေ CSR တာဝန်ရှိ ဝန်ထမ်းများနှင့် သက်ဆိုင်ရာဌာနများသည် အကြံပြုစာများကို စုံစမ်းစစ်ဆေးပြီး အဆိုပြုထားသော ဖြေရှင်းဆောင်ရွက်မည့်ပုံစံကို အကြံပြုစာတင်ပြထံ အကြောင်းပြန်ကြားပါမည်။
- အချို့ကိစ္စရပ်များတွင် စေ့စပ်သေချာစွာစုံစမ်းစစ်ဆေးနိုင်ရန် အကြံပြုစာတင်ပြသူထံမှ အချက်အလက်များ တောင်းခံသွားပါမည်။

### အဆင့် (၄) အကြံပြုစာပိတ်သိမ်းခြင်း

- အကြံပြုစာတင်ပြသူနှင့် ပြောဆိုဆွေးနွေးခြင်းကိုအခြေခံ၍ အဖြေတစ်ခုနှင့် တင်ပြသည့်ကိစ္စရပ်အလိုက် ဖြေရှင်းဆောင်ရွက်နိုင်မည့်ကုစားမှုများကို အဆိုပြုနိုင်မည့် အကြံပြု ဆွေးနွေးခြင်း လုပ်ငန်းစဉ်အဖြစ် ကြိုးပမ်းဆောင်ရွက်ပါမည်။
- အကြံပြုစာတင်ပြသူအတွက် ကျေနပ်ဖွယ် ဖြေရှင်းဆောင်ရွက်မှုမဖြစ်ပါက အဆိုပါကိစ္စရပ်အတွက် ပြန်လည်သုံးသပ်ပေးနိုင်ရန် တောင်းဆိုနိုင်ပါသည်။ အကြံပြုစာတင်ပြသူက ဖြေရှင်းဆောင်ရွက်မှုကို ကျေနပ်သည်နှင့် တပြိုင်နက် အဆိုပါအကြံပြုစာကို ပိတ်သိမ်းနိုင်ကြောင်း မှတ်ယူသွားပါမည်။

### အဆင့် (၅) သင်ခန်းစာဖော်ထုတ်ခြင်း

- လုပ်ငန်းစဉ်၏ အဓိကအချက်မှာ လက်ခံရရှိသောအကြံပြုတင်ပြချက်များကို အခြေခံ၍ သင်ခန်းစာဖော်ထုတ်ခြင်းနှင့် ပုံမှန်ပြန်လည်သုံးသပ်ခြင်းဖြစ်ပါသည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် စီမံခန့်ခွဲရာတွင် ပိုမိုကောင်းမွန်စွာလည်ပတ်ဆောင်ရွက်နိုင်ရန် အကြံပြုတင်ပြလာမှုအခြေအနေများကို ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့ အပါအဝင် လုပ်ငန်းတည်ရှိရာနေရာများတွင် သတ်မှတ်ကာလအလိုက် ဆွေးနွေးသုံးသပ်လျက်ရှိပါသည်။



# ၀၉ ဖြစ်နိုင်ချေရှိသည့်ရလဒ်များနှင့် ကုစားမှုများ

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ အဓိကအားသာချက်တစ်ခုမှာ လိုက်လျောညီထွေရှိခြင်းဖြစ်ပြီး မတူညီသည့် အကြံပြုတင်ပြချက်ပုံစံအမျိုးမျိုးအတွက် သင့်လျော်စွာဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများရှိနေခြင်းဖြစ်သည်။ ယင်းတို့အနက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် အချိန်နှင့်နယ်ပယ်ကန့်သတ်ချက်ကို သတ်မှတ်နိုင်ခြင်း၊ ပြောင်းလဲပြင်ဆင်နိုင်ခြင်းတို့အပြင် မြေယာလျော်ကြေးပေးဆောင်ခြင်း၊ ရေနံဖိတ်စင်မှုရှိသည့်မြေယာများကို အစားထိုးပြုပြင်ခြင်း၊ ပစ္စည်းဟောင်းများဖယ်ရှားခြင်း၊ သေချာရှင်းပြပြောဆိုနိုင်ရန် ကမ်းလှမ်းခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာဗျူဟာကိုသုံးသပ်ပြင်ဆင်ခြင်း သို့မဟုတ် ကတိကဝတ်များ ပြန်လည်ညှိနှိုင်းခြင်းတို့ ပါဝင်နိုင်ပါသည်။

အကြံပြုစာများစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဖြေရှင်းဆောင်ရွက်မည့်အဆိုပြုပုံစံတစ်ခု ထွက်ပေါ်လာစေရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ယင်းအဆိုပြုပုံစံကို  အကြံပြုစာပေးပို့သူထံ ပြန်လည်တင်ပြမည်ဖြစ်သည်။ အဆိုပြုထားသော ဆုံးဖြတ်ချက်ကို လုပ်ငန်းစဉ်တွင်ပါဝင်သူအားလုံးက သဘောတူလက်ခံလေ့ရှိပြီး ယင်းသို့လက်ခံပါက သတ်မှတ်အချိန်ကာလအတွင်း ယင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အကြံပြုတင်ပြသူက အဆိုပြုဆုံးဖြတ်ချက်ကို လက်မခံပါက အခြေအနေအရပ်ရပ်ကို ပြန်လည်စုံစမ်းစစ်ဆေးပါမည်။ ထို့နောက် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာမူဘောင်အတွင်းမှ ရွေးချယ်နိုင်မည့်အခြားနည်းလမ်းများကို အသေးစိတ်လေ့လာပြီး ပါဝင်သူများ၏ နောက်ဆုံးသဘောတူညီချက်ကို လက်ခံဆောင်ရွက်ပါမည်။ အကြံပြုချက်များကို သေချာစွာမှတ်တမ်းတင်နိုင်ရန်နှင့် ထိရောက်စွာကိုင်တွယ်ဖြေရှင်းခဲ့ကြောင်းကို စာရွက်စာတမ်း၊ အချက်အလက်နှင့် ဓာတ်ပုံအထောက်အထားများအပါအဝင် မှတ်တမ်းများ သေချာစွာစုစည်းထားရှိခြင်းဖြင့် အကြံပြုစာကိုပိတ်သိမ်းပါမည်။






# ၁၀ အကြံပြုဆွေးနွေးခြင်းဆိုင်ရာအချက်အလက်များ




ပုံ (၂) အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်း




**ပုံ (၃) ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်၊ မတ်လ အထိ လက်ခံရရှိသောအကြံပြုစာ အမျိုးအစားနှင့်အရေအတွက်**

## အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့် လက်ခံရရှိသော အကြံပြုစာများ

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့စဉ်ကတည်းက ဘဏ္ဍာနှစ်အလိုက်အကြံပြုစာများကို ဘဏ္ဍာရေးနှစ်တစ်ခုစီတွင် တိုးတက်လက်ခံရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှအပ ၂၀၁၇ ခုနှစ်အထိ ယင်းကာလအတွင်း အကြံပြုတင်ပြချက်အချို့ကို နှစ်တစ်နှစ်မှတစ်နှစ်သို့ အကူးအပြောင်းတွင် ဖြေရှင်းဆောင်ရွက်ရခြင်းများရှိပြီး တင်ပြလာသည့် အကြံပြုစာများကိုသတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ အောက်ဖော်ပြပါ ပုံ (၄) တွင် လုပ်ငန်းစဉ်စတင်လည်ပတ်ခဲ့သည့် ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်၊ မတ်လအထိ ပြက္ခဒိန်နှစ်အလိုက် လက်ခံရရှိသောအကြံ ပြုစာများနှင့် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများကို ဖော်ပြထားပါသည်။

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၆ ခုနှစ်၊ မတ်လအထိအကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့်မှ လက်ခံရရှိသော အကြံပြုစာ (၁၉၃) စောင်အနက် ၄၃ ရာခိုင်နှုန်းကို အကြံပြုတင်ပြသူက တိုက်ရိုက်တင်ပြခဲ့ခြင်းဖြစ်ပြီး ၅၇ ရာခိုင်နှုန်းကို ဒေသခံဝန်ထမ်းများမှတဆင့် တင်ပြခဲ့ပါသည်။ ဒေသခံများထံမှ တင်ပြလာသည့် အကြံပြုစာအရေအတွက်သည် အချိန်နှင့်အမျှ တိုးတက်လာပြီး ယင်းမှာ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ဒေသခံများ ပိုမိုသိရှိနားလည်လာသည်ကို ထင်ဟပ်လျက်ရှိပါသည်။



**၄၃%**


အကြံပြုတင်ပြသူမှ
တိုက်ရိုက်တင်ပြခဲ့ခြင်း

**၅၇%**

ဒေသခံဝန်ထမ်းများမှတဆင့်
တင်ပြခြင်း



### ပြက္ခဒိန်နှစ်အလိုက် ဒေသခံများနှင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်များ
### စက်တင်ဘာလ ၂၀၁၄ မှ မတ်လ ၂၀၂၆ ထိ




ပုံ (၄) ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၆ ခုနှစ်၊ မတ်လအထိ လက်ခံရရှိခဲ့သည် အကြံပြုစာနှင့်ပိတ်သိမ်းပြီးအကြံပြုစာများ

## အကြံပြုစာများ

### (၁) အကြံပြုစာ ၂၀၂၅၀၁-၀၁

ဒေသခံတစ်ဦးတင်ပြလာသည့် အကြံပြုစာကို အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့် စာရင်းသွင်းမှတ်တမ်းတင်ခဲ့သည်။ အဆိုပါဒေသခံ၏ ယာကွက်အတွင်းရှိ ရေပိုက်လိုင်းမှ ရေများစိမ့်နေသဖြင့် လာရောက်ကြည့်ရှုစစ်ဆေး ပြင်ပြင်ပေးနိုင်ရန် တင်ပြခဲ့သည်။ အဆိုပါ အကြံပြုစာကို ရေပိုက်လိုင်းပြုပြင်ခြင်းနှင့် ရေအရင်းအမြစ်ဟူသည့် ကဏ္ဍတွင် စာရင်းသွင်းဆောင်ရွက်ခဲ့သည်။

### ဖြေရှင်းဆောင်ရွက်ခြင်း

အကြံပြုစာတင်ပြသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေပိုက်လိုင်းပေါက်နေသော နေရာများအားရှာဖွေ၍ ပြုပြင်ပေးခဲ့သည်။ အကြံပြုစာလက်ခံရရှိပြီး (၂) ရက်အကြာတွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ပြီး အကြံပြုစာတင်ပြသူများကလည်း လုပ်ငန်းစဉ်နှင့်ဖြေရှင်းဆောင်ရွက်မှုကို ကျေနပ်သဖြင့် အကြံပြုစာကို ပိတ်သိမ်းခဲ့သည်။ CSR လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါလုပ်ငန်းစဉ် အကောင်အထည်ဖော်ရန်နှင့် သင့်လျော်သလို ဖြေရှင်းဆောင်ရွက်နိုင်ရာတွင် သဘောတူညီမှုရရှိအောင် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

### (၁) အကြံပြုစာ ၂၀၂၅၀၅-၀၁

ဒေသခံတစ်ဦးက လုပ်ငန်းစဉ်ဖြင့် အကြံပြုစာတစ်စောင်တင်ပြခဲ့ရာ ၎င်း၏ ယာကွက်အတွင်းတွင် အသုံးမပြုသော ရေနံပိုက်လိုင်းဟောင်းများရှိခြင်းကြောင့် ယာထွန်ရာတွင်အခက်အခဲရှိသဖြင့် လာရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သလိုဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြခဲ့သည်။

### ဖြေရှင်းဆောင်ရွက်ခြင်း

တင်ပြဖြစ်စဉ်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အသုံးမပြုသော ရေနံပိုက်လိုင်းဟောင်းများကို ရှင်းလင်းဖယ်ရှားခဲ့ရာ အကြံပြုစာတင်ပြသူက လုပ်ငန်းစဉ်နှင့် ဖြေရှင်းဆောင်ရွက်မှုအပေါ် ကျေနပ်မှုရှိသဖြင့် အကြံပြုစာ လက်ခံရရှိပြီး (၁) ရက်အကြာတွင် အဆိုပါ အကြံပြုစာကို ပိတ်သိမ်းခဲ့သည်။



## ၁၁ လိုက်လျောညီထွေဖြစ်မှု၊ ခံနိုင်ရည်ရှိမှု၊ ဆက်လက်တည်တံ့မှုတို့နှင့်အတူ ဆယ်နှစ်ပြည့်မှသည် အနာဂတ်ခရီးဆီသို့

MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ဆယ်နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မှု၏ မှတ်တိုင်တစ်ခုအနေဖြင့် ကုမ္ပဏီ၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုများ၊ ဒေသခံလူထုအပေါ် အပြုသဘောသက်ရောက်မှုများနှင့် ကမ္ဘာ့လုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနှင့်အညီ လုပ်ကိုင်နေကြောင်း သက်သေပြနေပါသည်။

လွန်ခဲ့သည့် ဆယ်နှစ်တာကာလအတွင်း အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ဒေသခံလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ပြောင်းလဲနေသော နိုင်ငံရေးအခြေအနေများနှင့် လိုက်လျောညီထွေရှိစေရန် တိုးတက်ပြောင်းလဲလာခဲ့ပါသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးအောက်တွင်ဖြစ်စေ၊ အရေးပေါ်အခြေအနေအောက်တွင်ဖြစ်စေ၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ဆက်သွယ်ရေးနည်းလမ်းများနှင့် လုပ်ငန်းဆောင်ရွက်မှု မူဝါဒများကို ပြောင်းလဲမှုများနှင့်အညီ ချိန်ညှိပြင်ဆင်ခြင်းဖြင့် ဆက်လက်အသုံးချနိုင်သော စနစ်တစ်ခုအဖြစ် တည်ရှိခဲ့ပြီး၊ ၎င်း၏ ခံနိုင်ရည်ရှိမှုကို ပြသနိုင်ခဲ့ပါသည်။



တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ မြင့်တက်နေချိန်များတွင်လည်း MPRL E&P အနေဖြင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများကို ထိန်းသိမ်းထားနိုင်ရန် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်က အထောက်အကူ ပြုခဲ့ပါသည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ကုမ္ပဏီအား ဆန္ဒအလျောက် လေးစားလိုက်နာနိုင်သော လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများ (VPSHR) ကို လိုက်နာစေရန် ထောက်ပံ့ပေးပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးကို လေးစားလိုက်နာလျက် တည်ငြိမ်လုံခြုံမှုကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။


စိန်ခေါ်မှုများရှိနေသည့် လက်ရှိလူမှုနိုင်ငံရေး ရှုပ်ထွေးသောအခြေအနေတွင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် အပြန်အလှန်နားလည်မှုနှင့် အပြုသဘောဆောင်သော ဆွေးနွေးမှုများကို မြှင့်တင်ရာတွင် အရေးပါသော လမ်းကြောင်းတစ်ခု ဖြစ်ခဲ့ပါသည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ဒေသခံများ၏ စိုးရိမ်ပူပန်မှုများနှင့် အကြံပြုချက်များကို တရားမျှတစွာနှင့်

အချိန်မီဖြေရှင်းပေးခြင်းဖြင့် ကုမ္ပဏီ၏ ဒေသခံများရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုတွင် အဓိကသော့ချက်ဖြစ်သော ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားပေးအထောက်အပံ့ပြုခဲ့ပါသည်။

ယခုသက်တမ်း ဆယ်နှစ်ပြည့်သို့ ရောက်ရှိပြီးနောက် ရှေ့ဆက်ရမည့် ခရီးလမ်းတွင်၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် စိန်ခေါ်မှုအသစ်များနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆက်လက်ကြိုးပမ်းလျက်ရှိပါသည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် တုံ့ပြန်ဆောင်ရွက်နိုင်မှုတို့ကို အခြေခံပြီး လုပ်ငန်းလည်ပတ်ရန်အတွက် ကုမ္ပဏီ၏ လူမှုရေးလိုင်စင် (Social License to Operate) ကို ထိန်းသိမ်းရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေဆဲဖြစ်ပါသည်။

စိုးရိမ်ပူပန်မှုများကို ဖြေရှင်းခြင်း၊ ပဋိပက္ခများကို တားဆီးခြင်းနှင့် ဒေသခံလူထုနှင့် ဆက်ဆံရေး ခိုင်မာစေခြင်းဖြင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် MPRL E&P ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုပါသည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရုံသာမက ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့မှုမျှော်မှန်းချက်များနှင့်လည်း ကိုက်ညီစေပါသည်။

အချုပ်အားဖြင့်ဆိုသော် MPRL E&P အနေဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြောင်း အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်က သိသာထင်ရှားစေပါသည်။ ကုမ္ပဏီလုပ်ငန်း ဆက်လက်လည်ပတ်နေသည်နှင့်အမျှ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ခံနိုင်ရည်ရှိမှုကို မြှင့်တင်ရန်၊ သက်ဆိုင်သူများ၏ ယုံကြည်မှုကို ကာကွယ်ရန်နှင့် မန်းရေနံမြေဒေသ၌ အဓိပ္ပာယ်ပြည့်ဝပြီး ရေရှည်တည်တံ့သော တိုးတက်ပြောင်းလဲမှုများကို ဆောင်ကြဉ်းပေးရန်အတွက် အဓိကအခန်းကဏ္ဍမှ ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။



ဦးတင်သောင်း
(မယ်ဘော့ကုန်းကျေးရွာ)

အကြံပြုစာတင်ပြခြင်းအစီအစဉ်နှင့်ပတ်သက်လို့ကတော့ ကျွန်တော်က ကျေးရွာရဲ့ ဖွံ့ဖြိုးရေးကော်မတီဝင်ဖြစ်တာကြောင့် "CSR" နဲ့ပတ်သက်ပြီး အကုန်သိရှိပြီးသားဖြစ်ပါတယ်။ အဓိကကတော့ ကျေးရွာတွေကို အကြံပြုဆွေးနွေးခြင်းအကြောင်း စတင်ရှင်းပြချိန်ကတည်းကလည်း သိရှိပါတယ်၊ လက်ကမ်းစာစောင်တွေကလည်း သိရှိရပါတယ်။

ကျွန်တော့်အနေနဲ့ များသောအားဖြင့် အကြံပြုစာတင်တဲ့အခါ ကျေးရွာရဲ့ စေတနာ့ဝန်ထမ်းမှတစ်ဆင့် တင်ပြဖြစ်ပါတယ်။ တစ်ဆင့်ချင်းသွားတာ၊ တင်ပြတာကပိုမိုကောင်းမွန်တယ်။ အရေးကြီးမယ့် (ဥပမာ – မီးဘေး၊ လျှပ်စစ်ဘေးအန္တရာယ်) နဲ့ ပတ်သက်တဲ့ကိစ္စမျိုးတွေဆိုရင်တော့ အရေးကြီးသလို အခြေအနေပေါ်မူတည်ပြီး ရုံးကို တိုက်ရိုက်ဆက်သွယ်ပြီး တင်ပြပါတယ်။

အကြံပြုစာတင်လိုက်တာနဲ့ "CSR" ဝန်ထမ်းတွေမှ သိသိချင်း ချက်ချင်းလာရောက်ပြီး ဖြစ်ပွားသည့်နေရာကို ကြည့်ရှုစစ်ဆေးခြင်း၊ အကြောင်းအရာအသေးစိတ်မေးမြန်းခြင်း၊ ဓါတ်ပုံမှတ်တမ်းတွေရယူပြီး သက်ဆိုင်ရာဌာန အဆင့်ဆင့်ကို အကြောင်းကြားပြီး လျင်မြန်စွာ ပြေလည်အောင်ဖြေရှင်း ဆွေးနွေးလုပ်ဆောင်ပေးတဲ့အတွက် ကျေနပ်မှု

အပြည့်ရရှိပါတယ်။ တစ်ရက်အတွင်းပြီးမယ့်ကိစ္စတွေဆိုရင်လည်း တစ်ရက်အတွင်း ချက်ချင်းဆောင်ရွက်ပေးပြီး MOGE နှင့်ချိတ်ဆက်ရမယ့်အပိုင်း တစ်ရက်တည်းမပြီးလျှင်လည်း အကျိုးအကြောင်း၊ ဆက်လုပ်မယ့် လုပ်ငန်းစဉ်တွေကို အသေးစိတ်ရှင်းပြပေးပြီး နောက်ရက်တွေမှာ သေချာဆောင်ရွက်ပေးတဲ့အတွက် တကယ်ကို အဆင်ပြေပါတယ်။

ကျွန်တော်က ကျေးရွာရဲ့ ဖွံ့ဖြိုးရေးကော်မတီဝင်ဖြစ်သလို ကိုယ်တိုင်လည်း အကြံပြုစာတင်ဖူးသူဖြစ်လို့ ရင်းနှီးကျွမ်းဝင်ဖြစ်နေပါပြီ။ ဒါကြောင့်လည်း ကျေးရွာမှအခြားတောင်သူများကိုလည်း ကျွန်တော့်လို အကြံပြုစာတင်ပြမယ့်သူများကို ရှင်းပြလမ်းညွှန်မှုများလုပ်ဆောင်ပေးပါတယ်။ သူတို့ တစ်ခုခု အကြံပြုချင်တာ၊ စိုးရိမ်စိတ်ဖြစ်တာ၊ ထိခိုက်တာတွေအတွက် အကြံပြုဖို့အတွက်လည်း အမြဲဆိုသလို တိုက်တွန်းဖြစ်ပါတယ်။



ဒေါ်ယင်းမာအေး

(အောက်ကျောင်းကျေးရွာ)

အကြံပြုဆွေးနွေးခြင်းအစီအစဉ်နှင့်ပတ်သက်လို့ ကျေးရွာတွေမှာ ပွဲအစီအစဉ်တွေပြုလုပ်ပြီး ဖော်ပြခဲ့ကတည်းက သိရှိခဲ့ပါတယ်။ အဲ့တုန်းကတော့ သေချာရှင်းရှင်းလင်းလင်းတော့ မသိသေးဘူးပေါ့။ ပြီးတော့ ကျေးရွာတွေမှာ လက်ကမ်းစာစောင်တွေဖြန့်ဝေပေးတာ ရွာကစေတနာ့ဝန်ထမ်းအစ်မမှ လိုက်လံရှင်းပြပေးတာတွေကြောင့် ပိုမိုသိရှိနားလည်ခဲ့ပါတယ်။

ကျွန်မရဲ့ယာခင်းအတွင်းမှာ ရေပိုက်လိုင်းပေါက်ပြီး ရေတွေက တောက်လျှောက်ဝင်နေတော့ သီးနှံစိုက်ခင်းပျက်တော့မှာ စိုးရိမ်လာရတယ်။ အဲ့တော့ အကြံပြုစာတင်ဖို့ သတိရသွားပြီး ကျေးရွာစေတနာ့ဝန်ထမ်း မမြင့်မြင့်ခိုင်ဆီသွားပြီး အကြံပြုဖောင်ကို ဖြည့်သွင်းကာ စေတနာ့ဝန်ထမ်းမှတစ်ဆင့် ကုမ္ပဏီ CSR သို့ အကြောင်းကြားခဲ့ပါတယ်။ စေတနာ့ဝန်ထမ်းက ချက်ချင်း CSR ဝန်ထမ်းဆီကို ဖုန်းဆက်



ပေးတယ်။ CSR ဝန်ထမ်းတွေကလဲ အကြံပြုချက်ကိုဖြေရှင်းပေးဖို့ ချက်ချင်းဆိုသလိုရောက်ရှိလာပြီး ရေဝင်နေတဲ့နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာအဖွဲ့များနဲ့ချိတ်ဆက်ကာ မည့်သို့မည်ပုံ လုပ်ဆောင်ပေးမည်ကို ရှင်းပြပေးပါတယ်။ ရေပိုက်လိုင်းမှာ MOGE ရုံးမှ ပိုက်လိုင်းဖြစ်သောကြောင့် MOGE ရုံးမှ ဝန်ထမ်းများလည်း ရောက်ရှိလာပြီး ရေပိုက်လိုင်း ဘယ်နေရာမှာပေါက်နေလည်းဆိုတာကိုရှာဖွေပြီး ပိုက်လိုင်းပေါက်ကို ပြုပြင်ပေးမယ်ဆိုတာ ရှင်းပြပေးပါတယ်။ နောက်ရက်မှာ ပိုက်လိုင်းပေါက်နေရာအားတွေ့ရှိပြီး ပြုပြင်ပေးခဲ့ပါတယ်။

အကြံပြုစာတင်တယ်ဆိုရင် တစ်ရက်အတွင်း ချက်ချင်းလာရောက်ကြည့်ရှုပေးပြီး (၁) ရက် (၂) ရက်အတွင်း ပြီးစီးအောင်မြန်ဆန်စွာပြုလုပ်ပေးတာ အမြဲတွေ့ရပါတယ်။ အကြံပြုချက်တွေကို အကြောင်းကြားလိုက်တာနဲ့ ချက်ချင်းအလေးထား ဆောင်ရွက်ပေးတဲ့အတွက် သဘောကျကျေနပ်ပါတယ်။ ကျွန်မတို့ရဲ့ အခက်အခဲများလည်း ပြေလည်အဆင်ပြေတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။



**ဒေါ်နှင်းယုခိုင်**
စေတနာ့ဝန်ထမ်း
(မယ်ဘော့ကုန်းကျေးရွာ )

ကျေးရွာမှာစေတနာ့ဝန်ထမ်းအဖြစ် စတင်ဆောင်ရွက်ချိန်မှ အခုအချိန်ထိ CSR လုပ်ငန်းဆောင်ရွက်မှုများတွင် အတတ်နိုင်ဆုံးအချိန်ပေးပြီး ကုမ္ပဏီနှင့် ကျေးရွာအကြား ပေါင်းကူးအဖြစ် ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ထိုလုပ်ငန်းဆောင်ရွက်မှုများထဲတွင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်မှာလဲ တစ်ခုအပါဝင်ဖြစ်ပါတယ်။

စေတနာ့ဝန်ထမ်းတစ်ဦးအနေနဲ့ ကျေးရွာမှာ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အကြောင်းကို ရှင်းပြပေးတယ်၊ လက်ကမ်းစာစောင်တွေဖြန့်ဝေပေးတာ၊ ကြေညာသင်ပုန်းမှာကပ်တာတွေ၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (၁၀) နှစ်ပြည့် အမှတ်တရအခမ်းအနားပွဲ တက်ရောက်ဖို့ ကျေးရွာအတွင်းဖိတ်ကြားပေးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။

ကျေးရွာရဲ့ တောင်သူ၊ ရွာသူ/သား တစ်ဦးမှ သူတို့ရဲ့ စိုးရိမ်မှု၊ အခက်အခဲ၊ ထိခိုက်မှုများကို လာရောက်ပြောပြတဲ့အခါ အကြံပြုစာလုပ်ငန်းစဉ်ဖြင့် တင်ပြလို့ရကြောင်း ရှင်းပြပေးခြင်း၊ အကြံပြုစာရေးသား ဖြည့်သွင်းပေး၍ CSR ဝန်ထမ်းထံသို့ ဆက်သွယ်အကြောင်းကြား၍ တင်ပြပေးပါတယ်။

CSR ဝန်ထမ်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ လာရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တင်ပြထားသော ဖြစ်ပွားရာနေရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ယာရှင်တို့ကိုခေါ်ဆောင်၍ သွားရောက်ကြည့်ရှုခြင်း၊ မှတ်တမ်းဓါတ်ပုံရယူခြင်း၊ ဆွေးနွေးခြင်းလုပ်ငန်းစဉ်များလုပ်ဆောင်ရာတွင် ပူးပေါင်းပါဝင်ပေးပါတယ်။ အကြံပြုချက်အပေါ် ဆက်လက်၍ ရှေ့ဆက်ဆောင်ရွက်ပေးမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးရှင်းပြပြီး “တုန့်ပြန်

ဆောင်ရွက်ပေးမှုသတင်းအချက်အလက်ကို လက်ခံရရှိကြောင်း” ဖောင်မှာ အကြံပြုစာတင်ပြသူနှင့်အတူ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါတယ်။

အကြံပြုချက်နေရာအား လာရောက်ပြုပြင်၊ ဖယ်ရှားပေးခြင်း လုပ်ငန်းစဉ်များတွင်လည်း သေချာစွာပြုလုပ်ဆောင်ရွက်ပေးရန်အတွက် ဝန်ထမ်းများ၊ အကြံပြုစာတင်ပြသူတို့နှင့်အတူ သွားရောက်ကြည့်ရှု၍ လိုအပ်ချက်များကို ဆွေးနွေးပူးပေါင်းပါဝင်ပါတယ်။ ဖြေရှင်းဆောင်ရွက်ပြီးစီးပါက အကြံပြုစာတင်ပြသူအား “ပိတ်သိမ်းမှုဖောင်” လုပ်ငန်းစဉ်ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ CSR ဝန်ထမ်း၊ အကြံပြုသူတို့အား ချိန်းဆိုပေးကာ “ပိတ်သိမ်းမှုဖောင်” အတွက် ကျေနပ်မှု ရှိ/မရှိ မေးမြန်းဆွေးနွေးပေးကာ ဖောင်တွင်လက်မှတ်ရေးထိုးသောလုပ်ငန်းများ ဆောင်ရွက်ပါတယ်။

ယခုလို ကျေးရွာသူ/သားများ၏ အခက်ခဲများကို အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးရသောကြောင့် သူတို့ရဲ့အခက်အခဲများ ပြေလည်သွားတာတွေ့ရတော့ မိမိကိုယ်တိုင်ပါ ကျေနပ်ပီတိဖြစ်မိပါတယ်။ ဆောင်ရွက်ပေးနေချိန်တစ်လျှောက်လုံးမှာ အကြံပြုတင်ပြသူများထံမှ ကျေနပ်ကျေးဇူးတင်ကြောင်းအမြဲဆိုသလို ကြားရှိရပါတယ်။ ယခုလုပ်ငန်းစဉ်များမှာ မိမိကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ရပြီး ရွာသူ/သားများ အဆင်ပြေသွားတဲ့အချိန်မှာ မိမိကိုယ်ကို ဂုဏ်ယူမိပါတယ်။

ယခင်ကဆိုရင် တောင်သူများ ထိခိုက်နစ်နာမှုများ၊ ကျေးရွာသူ/သားများ၏ စိုးရိမ်မှုများကို မည်သူ့ကိုမေးရမလဲ ဘယ်မှာစုံစမ်းရမလဲ ဘယ်လိုအကြံပြုရမလဲဆိုတာ မသိခဲ့ မပြောရဲခဲ့တာတွေရှိခဲ့တော့ ကျေးရွာနေပြည်သူများအနေဖြင့်များစွာ နစ်နာခဲ့ရပါတယ်။ MPRL E&P အနေဖြင့် ကျေးရွာလူထုရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက်ဘက်ပေါင်းစုံမှ ကြည့်ရှုပေးမှုကြောင့် ယခုလို အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် ပေါ်ပေါက်လာတဲ့အတွက်ကျေးရွာသူ/သား အားလုံးအတွက် များစွာအဆင်ပြေအကျိုးဖြစ်ထွန်းခဲ့ပါတယ်။ ကျေးရွာမှ တင်ပြချက်တိုင်းကိုအချိန်မဆိုင်းပဲ ဆောင်ရွက်ပေးမှုကြောင့် ယာရှင်များအတွက်? အကြံပြုချက်တင်ပြသူများအတွက် ယုံကြည်မှုပိုမိုရရှိပြီး ယခုလုပ်ငန်းစဉ်အား ပိုမိုအသက်ဝင်စေပါတယ်။ MPRL E&P ဝန်ထမ်းများနှင့်တကွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသူအားလုံးကို ကျေးရွာများရဲ့ကိုယ်စား ကျေးဇူးတင်ရှိပါတယ်။



# ၁၂ မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ အချိန်ကာလအလိုက် ဖြစ်စဉ်

### ၂၀၁၃-၁၄

- လုပ်ငန်းစဉ် ကနဦးစတင်ခဲ့သည့် OGM လုပ်ငန်းစဉ်ကို ဆန်းစစ်ခြင်း
- လုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်းနှင့် ကျေးရွာများသို့ လုပ်ငန်းစဉ်ဆိုင်ရာ အချက်အလက်ဖြန့်ဝေခြင်း
- လုပ်ငန်းစဉ်ဆိုင်ရာ စွမ်းဆောင်ရည်ပြအညွှန်းကိန်းများ သတ်မှတ်ခြင်းနှင့် ဒေသခံများနှင့် ဦးစွာဆက်သွယ်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားခြင်း

### ၂၀၁၅-၁၆

- လုပ်ငန်းစဉ်ကို ကြားဖူးနားဝရှိသူနှင့် သိရှိသူ ၆၀% ရှိကြောင်း အိမ်ခြေ ၄၂၀ တွင် ကောက်ယူခဲ့သည့် KAP စစ်တမ်းအရ သိရှိခြင်း
- MOGE ဒေသခံများနှင့် MPRL E&P တို့အကြားတွင် ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးတက်နိုင်ရန် ပထမဦးဆုံး လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေးလှုပ်ရှားမှု ပြုလုပ်ခြင်း

### ၂၀၁၇-၁၈

- လုပ်ငန်းစဉ်ကို ကြားဖူးနားဝရှိသူနှင့် သိရှိသူ ၈၀% ရှိကြောင်း အိမ်ခြေ ၃၅၀ တွင် ကောက်ယူခဲ့သည့် KAP စစ်တမ်းအရ သိရှိခြင်း
- ဒုတိယမြောက်လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုဖြင့် အသိပညာမျှဝေမှု (၄၂) ကြိမ်တွင် ဒေသခံ (၃,၁၂၃) ဦးကို ပံ့ပိုးခဲ့ခြင်း

### ၂၀၁၈-၁၉

- လုပ်ငန်းစဉ်ကို ကြားဖူးနားဝရှိသူနှင့် သိရှိသူ ၈၇% ရှိကြောင်း အိမ်ခြေ ၃၄၀ တွင် ကောက်ယူခဲ့သည့် KAP စစ်တမ်းအရ သိရှိခြင်း
- တတိယမြောက် လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုဖြင့် အသိပညာမျှဝေမှု (၁၆) ကြိမ်တွင် ဒေသခံ (၁,၈၇၂) ဦးကို ပံ့ပိုးခဲ့ခြင်း

### ၂၀၁၉-၂၀

- လုပ်ငန်းစဉ်ကို ကြားဖူးနားဝရှိသူနှင့် သိရှိသူ ၉၆% ရှိကြောင်း အိမ်ခြေ ၃၅၀ တွင် ကောက်ယူခဲ့သည့် KAP စစ်တမ်းအရ သိရှိခြင်း
- စတုတ္ထမြောက် လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုကို "CSR လုပ်ငန်းများပြပွဲ" ကျင်းပခဲ့ပြီး ဒေသခံ (၂,၀၈၁) ဦး ပူးပေါင်းပါဝင်ခဲ့ခြင်း

### ၂၀၂၂-၂၃

- ပဉ္စမမြောက် လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုကို ပြန်လည်ကျင်းပခဲ့ပြီး ဒေသခံ (၇၈၈) ဦး ပါဝင်ခဲ့ခြင်း
- လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကြားတွင် အပြုသဘောဆောင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို မြှင့်တင်ရန်နှင့် ဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မန်းရေနံမြေ စီမံခန့်ခွဲရေးလုပ်ငန်းဌာန၊ HSE ဌာနနှင့် CSR ဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်း

### ၂၀၂၄-၂၅

- OGM ဆယ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မန်းရေနံမြေဒေသမှ ကလေး (၄၁၅) ဦးအပါအဝင် ဒေသခံ (၇၂၃) ဦးတက်ရောက်သော စည်ကားသိုက်မြိုက်သည့် OGM အသိပညာပေးလှုပ်ရှားမှုအစီအစဉ်တစ်ခု ကျင်းပခြင်း
- "အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ဆယ်နှစ်ပြည့်အစီရင်ခံစာ" ကို ရေးသားထုတ်ဝေခြင်း
- OGM ဆယ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် "အညာပြန်လက်ဆောင်" အမည်ဖြင့် OGM ကာတွန်းစာအုပ်နှင့် ဆေးရောင်ခြယ်စာအုပ် ထုတ်ဝေခြင်း




MPRL E&P

Build through Excellence
Lead with Integrity

**MPRL E&P Pte Ltd.**

Vantage Tower - 623 Pyay Road, Kamayut Township 11041, Yangon, Myanmar

Tel : +95 1 230 7733  Fax : +95 1 230 7744

Email : communications@mprlexp.com

www.mprlexp.com   myanmar_mprlexp   mprlep   mprlep